# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်  လွတ်လပ်သော အရပ်ဘက် စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကန့်သတ်ပိတ်ပင်မှုကိစ္စနှင့် ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ချက်

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်၊ ၁၃ ရက်

၁။ နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်ကို ဆောင်ရွက်နေသော နိုင်ငံတစ်နိုင်ငံတွင် ဒီမိုကရေစီနိုင်ငံရေးစနစ် ရှင်သန် အားကောင်းလာစေရန်အတွက် ရွေးကောက်ပွဲများသည် အခရာကျသလို အဆိုပါ ရွေးကောက်ပွဲများသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်းဟူသည့် အခြေခံဝိသေသ နှစ်ရပ်ဖြင့်လည်း ခြွင်းချက်မရှိ ပြည့်စုံရမည် ဖြစ်သည်။

၂။ အရပ်သားအစိုးရက ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင်  တာဝန်ယူကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲသည် စစ်တပ် အသွင်ပြောင်းအစိုးရက တာဝန်ယူ ကျင်းပခဲ့သည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲထက် ပိုမို၍ လွတ် လပ် တရားမျှတမှု ရှိကြောင်း အခိုင်အမာ သက်သေပြနိုင်မှသာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ယုံကြည်စွာ မဲပေးကြမည် ဖြစ်သလို နိုင်ငံရေး အသွင်ကူးပြောင်းမှု ဖြစ်စဉ်ကိုလည်း ပိုမို၍ ယုံကြည်လာနိုင်မည် ဖြစ်သည်။

၃။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပရာတွင် နိုင်ငံတကာလုပ်ထုံး လုပ်နည်းများနှင့် စံနှုန်းများအရ လွတ်လပ်၍ အမှီအခိုကင်းပြီး ဘက်မလိုက်သော ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေး အဖွဲ့များနှင့် စောင့်ကြည့် လေ့လာရေး လုပ်ငန်းစဉ်များမှာ အရေးကြီးပါသည်။

၄။ သို့ဖြစ်၍ အရပ်ဘက် အဖွဲ့အစည်းများ၏ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေး လုပ်ငန်း (စဉ်) များနှင့် သတင်းမီဒီယာ လွတ်လပ်ခွင့်များကို တားဆီးပိတ်ပင် ကန့်သတ်သော  မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ရပ်များသည် ၂၀၂၀ ရွေးကောက်ပွဲ၏ တရားဝင်မှုနှင့် လွတ်လပ်၍ တရားမျှတမှု အရည်အသွေးကို (တိုက်ရိုက် ထိခိုက်မှု ရှိလာနိုင်) မည် ဖြစ်ပါသည်။

၅။ အရပ်ဘက်အဖွဲ့အစည်း တစ်ရပ် ဖြစ်သည့် PACE (People's Alliance for Credible Elections ရွေးကောက်ပွဲ ဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့) သည် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲနှင့် ၂၀၁၇၊ ၂၀၁၈ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲစနစ် တစ်ခုလုံးကို လွှမ်းခြုံ စောင့်ကြည့်သည့် နည်းစနစ်များကို အသုံးပြု၍ တစ်နိုင်ငံလုံးအဆင့် စောင့်ကြည့်ရေး လုပ်ငန်းစဉ်များကို လွတ်လပ် ပွင့်လင်းစွာဖြင့် ဘက်လိုက်မှု မရှိဘဲ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၀ ရွေးကောက် ပွဲအတွက်လည်း စောင့်ကြည့် လေ့လာသူပေါင်း ၂၉၀၀ ကျော်ဖြင့် တစ်နိုင်ငံလုံးအဆင့် စောင့်ကြည့်ရန် စနစ်တကျ ပြင်ဆင် ထားပြီး ဖြစ်သည်ဟု သိရပါသည်။

၆။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် PACE အဖွဲ့အား ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် ခွင့်ပြုခဲ့သော်လည်း ယခုလာမည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်မူ စောင့်ကြည့်ခွင့်ပြုမည် မဟုတ်ကြောင်း ဆုံးဖြတ် ခဲ့သည်ဟု သိရှိရပါသည်။

၇။ ထိုသို့ စောင့်ကြည့်ခွင့် မပြုရန် ဆုံးဖြတ်ရာတွင်လည်း PACE အဖွဲ့သည် သင်းဖွဲ့မှတ်ပုံတင်ထားခြင်း မရှိသောကြောင့် ဟူသော အကြောင်းပြချက်ကို အခြေခံ၍ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။ သို့သော် ၂၀၁၅ ခုနှစ်၊ သင်းဖွဲ့မှတ်ပုံတင်ခြင်း စည်းမျဉ်းဥပဒေအရ အသင်းအဖွဲ့များသည် မဖြစ်မနေ မှတ်ပုံတင်ရမည်ဟု မဆိုထားဘဲ ဆန္ဒ အလျောက်သာ မှတ်ပုံတင်ရမည်ဟု ဆိုထားသလို ဇူလိုင်လ ၁၇ ရက်နေ့က အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများက မှတ်ပုံတင် မရှိသည့် အဖွဲ့များကိုလည်း စောင့်ကြည့်ခွင့်ပြုမည်ဟု ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

၈။ PACE အဖွဲ့အနေဖြင့် အသင်းအဖွဲ့ မှတ်ပုံတင်ရန်အတွက် ကြိုးစားခဲ့ရာတွင်လည်း လုပ်ထုံးလုပ်နည်းအရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံမှ ထောက်ခံချက်ရရှိရန်အတွက် တရားဝင် တောင်းခံခဲ့သော်လည်း PACE အဖွဲ့သည် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို စောင့်ကြည့်နေသည့် အဖွဲ့ဖြစ်ပြီး ပူးပေါင်း ဆောင်ရွက်နေသည့်အဖွဲ့ မဟုတ်သောကြောင့် ထောက်ခံချက် မပေးနိုင်ဟု အကြောင်းပြန်ကြားခဲ့သည်ဟုလည်း ဝမ်းနည်းစွာ သိရှိရပါသည်။

၉။ ယခုကဲ့သို့ ရွေးကောက်ပွဲဖြစ်စဉ်ကို အမှီအခိုကင်းစွာဖြင့် စောင့်ကြည့်လေ့လာမှုများပြုလုပ်နေခဲ့သည့် ပြည်တွင်း အရပ် ဘက် အဖွဲ့အစည်းတစ်ခုဖြစ်သော PACE အဖွဲ့အား ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့် မပြုရန် ဆုံးဖြတ်ခဲ့သည့် ပြည် ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်သည်

(က) မြန်မာနိုင်ငံ၏ နိုင်ငံရေး အသွင်ကူးပြောင်းမှုတွင် ကာလကြာရှည်စွာ တည်ဆောက်ထားခဲ့သော လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး အင်စတီကျူးရှင်း တစ်ခုကို ဖျက်သိမ်းပစ်ရာ ရောက် ပါသည်။

(ခ) ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ၏ တရားဝင်မှုနှင့် ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်မှန်ကန်မှု အရည် အသွေးများကိုလည်း ဆုတ်ယုတ် ကျဆင်းစေနိုင်ပါသည်။

(ဂ) သင်းဖွဲ့မှတ်ပုံတင် စည်းမျဉ်းကို ကျိုးကြောင်း မဆီလျော်စွာ ကိုးကား၍ အရပ်ဘက်အဖွဲ့အစည်း၏ လုပ်ငန်း ဆောင်ရွက်မှုကို တားဆီးပိတ်ပင်လာသည့်အတွက် နိုင်ငံရေး အသွင်ကူးပြောင်းမှုတွင် အရေးပါသော အရပ်ဘက် အဖွဲ့အစည်းများ၏ ဖြစ်တည်မှုကို ခြိမ်းခြောက် ဖျက်ဆီးရာ ရောက်သလို အရပ်ဘက်လူမှုနယ်ပယ်ကိုလည်း ဘောင်ကျဉ်းအောင် ပြုလုပ်ရာ ရောက်နေပါသည်။

၁၀။ ရွေးကောက်ပွဲ ဖြစ်စဉ်၏ အရည်အသွေးများ ဆုတ်ယုတ် ကျဆင်းလာမည် ဆိုပါက ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန် ကာလများတွင် မလိုလားအပ်သော ပြဿနာများ ဖြစ်ပွားလာနိုင်သလို ရွေးကောက်ပွဲကြောင့် ပေါ်ထွက်လာမည့် နိုင်ငံရေးအသိုက်အမြုံ၏ တရားဝင်မှုမှာလည်း ချိနဲ့သွားမည် ဖြစ်ပါသည်။

၁၁။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်ကြောင်း မှတ်ကျောက်တင် အာမခံနိုင်ရန်အတွက် အရပ်ဘက်အဖွဲ့ အစည်းများနှင့် မီဒီယာများ၏ အခန်းကဏ္ဍအား အသိအမှတ်ပြုရန်နှင့် ရွေးကောက်ပွဲစောင့်ကြည့်ရေးလုပ်ငန်းများအား ကန့်သတ်ပိတ်ပင်ခြင်း မရှိဘဲ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုရန်မှာ ပဓာန ဖြစ်ပါသည်။

၁၂။ သို့ဖြစ်၍ လာမည့် ၂၀၂၀ ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုရှိကြောင်း အာမခံနိုင်ရန်အတွက် ရွေးကောက် ပွဲ စောင့်ကြည့်ရေးလုပ်ငန်းများအား ကန့်သတ်ပိတ်ပင်မှုများကို မဆိုင်းမတွ ပြန်လည်သုံးသပ်ပြင်ဆင်ရန် မိမိတို့အနေဖြင့် လေးနက်စွာ တောင်းဆိုလိုက်ပါသည်။

**အရပ်ဘက်အဖွဲ့အစည်းများ**

ဆက်သွယ်ရန်
မသဉ္ဇာရွှန်းလဲ့ရည် - ၀၉ ၇၉၅၅၇၄၇၇၅
မယုယသူ - ၀၉ ၅၁၈၂၈၃
ကိုရဲလင်းမြင့် - ၀၉ ၇၉၁၆၈၅၀၅၆
ကိုမိုးယံသွေး - ၀၉ ၉၇၉၂၃၈၂၀
ကိုစည်သူ - ၀၉ ၇၉၀၇၃၉၄၈၈

ပါဝင်သည့်အဖွဲ့များ

1. 3 Dimension Community Development Group
2. 88 Generation (Myeik)
3. 88 Generation, Nyein/ Pwint (Bago) ၈၈ မျိုးဆက် ငြိမ်း/ ပွင့် (ပဲခူး)
4. 88/ Nyein Pwint (Kawthoung) ၈၈/ငြိမ်းပွင့်(ကော့သောင်း)
5. 88/ Pwint Linn ၈၈/ပွင့်လင်း (ရောဝတီ)
6. ၈၈၈၈ သွေးသစ်အဖွဲ့ (မိုးညှင်း)
7. A Lin Eain Social Development Group အလင်းအိမ်လူမှုဖွံ့ဖြိုးရေးအဖွဲ့
8. A Lin Pya Kyal အလင်းပြကြယ်

9. A Lin Tan အလင်းတန်း
10. A lin Thi Tan အလင်းသီတံ
11. A Lin Thitsar Committee အလင်းသစ္စာကော်မတီ
12. A Nar Gatt Thit Group အနာဂတ်အသစ်အဖွဲ့
13. A2JI ( Access To Justice Initiative)
14. Action Committee for Democracy Development (ACDD)
15. Action Group for Farmers Affair (AGFA) (စစ်ကိုင်းတိုင်း)
16. Action Group for Farmers Affair (AGFA) (ပဲခူးတိုင်း)
17. Action Group for Farmers Affair (AGFA) (မကွေးတိုင်း)
18. Action Group for Farmers Affair (AGFA) (မန္တလေးတိုင်း)
19. Action Group for Farmers Affair (AGFA) (ဧရာဝတီတိုင်း)
20. Active Women Development Initiative (AWDI)
21. Ahlin Tagar Rural Development Organization
22. Alinsaetamarn Library & Resource Center
23. All Arakan Civil Society Organizations Partnership
24. All Kachin Youth Union
25. Andin Mon Youth Group
26. Anin Region Environmental Conservation Group
27. Ann Township Pipeline Monitoring Group အမ်းမြို့နယ် ပိုက်လိုင်းရေးရာ စောင့်ကြည့် လှုပ်ရှားရေး အဖွဲ့
28. Area Peace and Development Forward
29. Arr Marn Thit Social Development Organization
30. Arr Thit Yaung Chi' အားသစ်ရောင်ချည်
31. Association for Labor Development (ALD)
32. AWDO (Minhla) AWDO မင်းလှ
33. AWDO (Nagphe)
34. Ayeyarwaddy West Development Organization (AWDO, Magway Region)
35. AYY Farmer Union
36. Ayyar Pyo May Women Development Organization
37. Banmaw Youth Network
38. Basic Lawyer Network အခြေခံဥပဒေကွန်ရက်
39. Bawdi Youth (Ethnic Youth Group) ဗောဓိလူငယ်(တိုင်းရင်းသားလူငယ်အဖွဲ့)
40. Bedar Social Development Group

41. Bee House
42. Bu Thee Taung Youth Network ဘူးသီးတောင် လူငယ် ကွန်ရက်
43. Candle Light Youth Group
44. Cang Bong Youth, Matupi
45. CBT Gaw Ran Gyi Island (Nan Thar Pu) CBT ဂေါ်ရန်ဂျီကျွန်း(နံ့သာပု)
46. CCF
47. Center for Action Points
48. Child Care
49. Child Prevention Network
50. Child Youth Organization
51. Chin Agency
52. Chin Community Base Rehabilitation
53. Chin Institute of Social Science
54. Chin Land Affair Network
55. Chin MATA Working group
56. Chin Women Development Organization
57. Chin World Media
58. Chin Youth Organization(Kanpalet)
59. Chin Youth organization, Matupi
60. Chindwin Region Natural resource Watch Group ချင်းတွင်းဒေသ သယံဇာတ စောင့်ကြည့်ရေးအဖွဲ့
61. Chinland Natural Resources Watch Group
62. Cho Chin Women Organization
63. Citizen Action for Transparency (CAFT)
64. Civil Call
65. Community Association Development
66. Community development Youth Network
67. Community Observer Association
68. Community Peace Support Group
69. Community Response Group
70. CSLD
71. Daily Education နိစ္စဓူဝ ပညာရေး
72. Danu Youth Group ဓနုလူငယိအဖွဲ့

73. Dawei Development Association - DDA
74. Dawei Region Farmers Union ထားဝယ်ခရိုင် တောင်သူလယ်သမားသမဂ္ဂ
75. Dawei Research Association
76. Dawei Watch Foundation
77. Dawn Peace Foundation
78. Democratic Education Corner - DEC
79. Development Organization Women of Indigenous Network (WIN)
80. Diversity and Public Truth မတူကွဲပြားခြင်းနှင့် ပြည်သူ့အမှန်တရား
81. Doe Chaung Doe Thaung တို့ချောင်းတို့သောင်
82. Doe Myae Civil Social Development Organization
83. EMReF - Enlighten Myanmar Research Foundation
84. Environmental Conservation Association သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း
85. Equality Myanmar
86. Farmer Agricultural Network
87. Farmer Union လယ်သမားသမဂ္ဂအဖွဲ့
88. Farmers and Agricultural Workers Group တောင်သူလယ်သမားနှင့် စိုက်ပျိုးရေးလုပ်သားအဖွဲ့
89. Farmers And Land Rights Action Group
90. Farmers and Landworkers union (Myanmar)
91. Farmers Union (Ayar) တောင်သူလယ်သမားသမဂ္ဂ (ဧရာ)
92. Farmers Union, Reporter လယ်သမားသမဂ္ဂအဖွဲ့၊ သတင်းထောက်
93. Federation of Garment Workers Myanmar
94. FLEGT
95. Forest User Association
96. Free & Fair (Youth) Network
97. Free and Justice
98. Free Education Service Organization
99. FREELAND Organization
100. Future Light Committee အနာဂတ်အလင်းကော်မတီ
101. Future Light Social Development Organization
102. Future Star Youth Organization
103. Gayunarshin Social Development Organization
104. Generation Wave

105. Genuine People's Servants – GPS
106. Global Family
107. Golden Future Social Development Organization
108. Golden Heart Organization
109. Green
110. Green Development Network
111. Green for All (NTI)
112. Green Network (Tanintharyi)
113. Green Network Mergui Archipelago
114. Green Right Organization
115. Halcyon
116. Harmony Youth Association
117. Heartland Foundation
118. Hin Tha Da PIDP Group ဟင်္သာတPIDP အဖွဲ.
119. Hinthar Tagon ဟင်္သာတံခွန်
120. Hkumzup Development Committee
121. Hlaing Bwae Youth Network
122. Homalin Youth Network ဟုမ္မလင်း လူငယ်ကွန်ရက်
123. Hope For Children Development Organization
124. HRDP - Human Rights Defenders and Promoters
125. HRW Dawei
126. Hsar Ka Baw CBO ဆာကပေါ်CBO
127. Hsar Mu Htaw Social Supporting Group ဆာမူထော်လူမှုအထောက်ကူပြုအဖွဲ့
128. Hsar Mu Waw Group ဆာမူဝေါ်အဖွဲ့
129. Htaw Mae Par
130. Htee Gyaing Network ထီးချိုင့် ကွန်ရက်
131. Htoi Gender and Development Foundation
132. Kachin State Women Network
133. Htum Thit Sa Rural Development Organization
134. Htuu Region Development Group ထူဒေသ ဖွံ့ဖြိုးရေးအဖွဲ့
135. Hu Pho Kaphaw
136. Human Rights Defender and Promoters

137. Human Rights Foundation of Monland (HURFOM)

138. Humanity Institute

139. IFI Watch Myanmar

140. Justice Drum ကွန်ရက်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။

141. Justice Movement for Community (Innle)

142. Ka Nyunt Kwin Youth Center ကညွတ်ကွင်းလူငယ်စင်တာ

143. Ka Tan Development Committee ကတန်ဖွံ့ဖြိုးရေးကော်မတီ

144. Kachin State Conservation Working Group (KCWG )

145. KAG

146. Kan Chay Arr Man Fishery Development Organization

147. Kan Chay Arr Man ကမ်းခြေအားမာန်

148. Kan Latt Myar ကမ်းလက်များအဖွဲ့

149. Kani Natural Resources Watchs

150. Kanpetlet Land Development Organization

151. Karen Youth Organization(KYO)

152. Karenni Ever Green

153. Karenni MATA

154. Karenni National Youth Organization

155. Karenni State Farmer Union

156. Kaung Myat Hnalonethar Health Care Organization

157. Kayan Earth Right Action Network

158. Kayan New Generation Youth

159. Kayan Women Organization

160. Kayin Culture and  Literature Committee

161. KECO

162. Khaing Mye Thitsar Development Committee ခိုင်မြဲသစ္စာ ဖွံ့ဖြိုးရေးကော်မတီ

163. Khanti Youths

164. Khit A Lin Yaung  ခေတ်အလင်းရောင်

165. Khit Thit Media

166. Kin Oo Natural Resources Watch

167. Kindness Foundation (Karen) ဂရုဏာဖောင်ဒေးရှင်း(ကရင်)

168. Kindness Foundation (Shan) ဂရုဏာဖောင်ဒေးရှင်း

169. Kindness women

170. Kinn Village (Madayar Youth) ကင်းရွာ (မတ္တရာလူငယ်)

171. KMSS Karuna Myanmar Social Service

172. KOG

173. KSWN

174. Kyaik Hti Yo Mountain Range Lover Association

175. Kyaingtone Youth ကျိုင်းတုံလူငယ်

176. Kyauk Phyu Rural Development Association

177. Kyaukphyu SEZ Watch

178. Kyike Mayaw MATA

179. Kyondone Youth development group

180. Kyonemaku Chaung Network

181. Labour Right Defenders and Promter (Myeik)

182. LAIN Technical Support Group

183. Lan Pya Kyal Sin Group လမ်းပြကြယ်စင်အဖွဲ့.

184. Land Activist Group မြေယာ လှုပ်ရှားမှုအဖွဲ့

185. Land and Environmental မြေယာနှင့် သဘာဝပတ်ဝန်းကျင်

186. Lanpya Kyar Sin

187. Lapadaung Watch Group လက်ပံတောင်းတောင် စောင့်ကြည့်ရေးအဖွဲ့

188. Latbutta Farmer Union

189. Lawers Network ရှေ့နေကွန်ရက်

190. Let's Help Each Other (LHEO)

191. Life Light

192. Light Civil Society Organization အလင်းရောင် အရပ်ဘက်အဖွဲ့

193. Light Social Development Organization

194. Lin Lake Kyal Social Development Organization

195. Living Water Organization

196. Loon Nya Local လွန်းညဒေသခံ

197. Lu Mu Htar Group လူမှုထာအဖွဲ့

198. Ma Day Island Youth Development Association မဒေးကျွန်း လူငယ် ဖွံ့ဖြိုးရေး အသင်း

199. Ma Naw Phyu မနောဖြူ

200. Mandalay YMCA

201. Marga

202. MATA Sagaing Region

203. Matu Baptist Churches

204. Matu Forum Committee

205. Matu Social Welfare

206. Matu Women Organization

207. May Doe Arrman Women Development Organization

208. Media Network မီဒီယာကွန်ရက်

209. Men Fellowship Matupi

210. Metta Development Foundation

211. Mhine Nyein Network မှိုင်းငြိမ်းကွန်ရက်

212. Mi Karen Youth မိကရင်လူငယ်

213. Mitta Blood Health Group မေတ္တာသွေးကျန်းမာရေးဖေးမကူညီရေးအဖွဲ့

214. Mitta San Yae မေတ္တာစမ်းရေ

215. Mitta San Yae (Magway) မေတ္တာစမ်းရေ (မကွေး)

216. Mitta Shin Group မေတ္တာရှင်အဖွဲ့

217. Mitta Yake Group မေတ္တာရိပ်အဖွဲ့

218. Mitta Yaung Sin group မေတ္တာရောင်စဉ် အဖွဲ့

219. Mohn Chaung Lover (မုန်းချောင်းချစ်သူ)

220. Mon Area Community Development Organization

221. Mon Green Develop Group

222. Mon Literature and Culture မွန်စာပေနှင့် ယဉ်ကျေးမှု

223. Mon State CSO Network

224. Mon Youth Organization (Zobbu)

225. Mon-Region Social Development Network

226. Mon State Community association

227. Mong Pan Youth Association

228. Motherland Network

229. MRDJO Magway Regional Rules of Law and Justice Group MRDJO

မကွေးတိုင်းဒေသကြီးတရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေးအဖွဲ့

230. Mro Youths Development Association

231. Mu Se Multi Development Association မူစဲကမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသင်း

232. Mudidar Ziwadarna and Social Association မုဒိတာဇီဝိတဒါနနှင့် လူမှုကူညီရေးအသင်း

233. Muditar Organization

234. Mudon CSO Network

235. Mudon Township Development Group

236. Municiple Monitoring Group စည်ပင်သာယာ စောင့်ကြည့်ရေးအဖွဲ့

237. Muu Basin Environmental group မူးမြစ်ဝှမ်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့

238. Mwe Taung Area Development Group

239. Myan ICT for Development Organization (MIDO)

240. Myanmar Press Freedom Center

241. Myanmar Digital Rescue

242. Mandalay Community Center

243. Myanmar-China Pipeline Watch Consortium (MCPWC)

244. Myanmar Cultural Research Society (MCRS)

245. Myanmar Independent Living Initiative (MILI)

246. Myanmar People's Alliance (Shan State )

247. Myanmar Public Alliance (Shan) မြန်မာလူထုမဟာမိတ် (ရှမ်းပြည်)

248. Myanmar Social Initiative Group , Magway

249. Myat Darna Group မြတ်ဒါန

250. Myeik Farmers and Land Union တောင်သူလယ်သမားနှင့် မြေယာသမဂ္ဂမြိတ်

251. Myeik Lawyer Network

252. Myit Ma Ayeyarwaddy Development Organization

253. Na Phat Hla နှစ်ဖက်လှ

254. Nant Sam Environmental Save group နမ့်ဆန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့

255. Ning Gawn Institute , Kutkhaing

256. NNER- National Network for Education Reform

257. Nyan Lynn Thit Analytica

258. Nyein Than Lwin Foundation

259. Open Development Foundation

260. Our Natural Land

261. Pan Daing Shin ပန်းတိုင်ရှင်

262. Pan Tain Shin Women Rural Development Organization

263. Pan Thi Kyo LGBT Organization

264. Parshan River Maintenance committee ပါချန်မြစ် ထိန်းသိမ်းရေးကော်မတီ

265. Pauk Khaung Youth Network ပေါက်ခေါင်းလူငယ်ကွန်ရက်

266. Pauk Taing Development Committee

267. Paung Ku ပေါင်းကူး

268. Paungsee Myittar Organization

269. Pe Kain Media (ပဲ့ကိုင် မီဒီယာ)

270. Peace Working Committee(PWC)

271. Peasants Legal Aid Network (PLAN)

272. Peasants' Legal Aid Network – Arakan , မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်။

273. People Oriented and Development Group ရှေ့ဆောင်ပြည်သူဘဝတိုးတက်ရေးအဖွဲ့

274. People Resource Alliance

275. Phyu Sin Mitta ဖြူစင်မေတ္တာ

276. Phyu Sin Myittar Social Development Organization

277. Pinya Tagar Academy

278. Pone Yate Sit Regional Development Organization

279. Progress Voice

280. Protection Committee for Myanmar Journalists

281. Pwint Lin Voluntary Group ပွင့်လင်းပရဟိတအဖွဲ့

282. Pwint Lin Youth ပွင့်လင်းလူငယ်

283. Pwint phyu development group ပွင့်ဖြူဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

284. Pwintphyu Development Organization

285. Pyar Mountain Conservation Group

286. Pyinnyar Youth Association

287. Pyo Khin Thit ပျိုးခင်းသစ်

288. PYO PaO Youth Organization

289. Rakha Arr Marn Group ရက္ခအားမာန် အဖွဲ့

290. Rakha Strength Social Development Organization

291. Rakhine Disable Association ရခိုင်ပြည်နယ် မသန်စွမ်းသူများ အစည်းအရုံး

292. Rakhine National Network (Lay Taung) ရခိုင်အမျိုးသားကွန်ရက် (လေးတောင်)

293. Rakhine Social Network (Myay Pone) ရခိုင်လူမှုကွန်ရက် (မြေပုံ)

294. Rakhine Women Union ရခိုင် အမျိုးသမီး သမဂ္ဂ

295. Rakhine Youth Generation ရခိုင်လူငယ်မျိုးဆက်သစ်

296. Rakhine Youth New Generation – Network

297. Ramkhye - ရမ်းခေး၊ မြစ်ကြီးနားကွန်ရက်၊ ကချင်ပြည်နယ်။

298. RanByae Township Development Group ရမ်းဗြဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့

299. RDO

300. Real Voice Myeik

301. Reliable Organization

302. Research Institute for Society and Ecology RISE

303. Resources Center

304. Responsible Waste Collecting Group တာဝန်သိအမှိုက်သိမ်းဆည်းရေးအဖွဲ့

305. Retired Voluntary Group အငြိမ်းစားပရဟိတအဖွဲ့.

306. Rule of Law Watch Group

307. Rural Social Development Organization

308. S.H.S

309. Sal and KyaySin Mining Watch Group

310. Sarnar Kyi Phyu Social Development Organization

311. SarPhyu Farmer Network

312. Say Da Nar Mon Voluntary Group စေတနာမွန်ပရဟိတအဖွဲ့

313. Say Da Nar Shin စေတနာရှင်

314. Saytana Shaesaung Youth Organization

315. Saytanar Shin Social Development Organization

316. Sein lan Lwin Pyin Group (Labutta) စိမ်လမ်းလွင်ပြင်အဖွဲ့(လပွတ္တာ)

317. Sein Lann (Mogoke) စိမ်းလန်း(မိုးကုတ်)

318. Sein Lann (Thapaikyin) စိမ်းလန်း(သပိတ်ကျင်း)

319. Sein Lann Genaration စိမ်းလန်းမျိုးဆက်

320. Sein Lann Myay (Kyun Hla) စိမ်းလန်းမြေ ကျွန်းလှ

321. Sein Yaung So (Katha) စိမ်းရောင်စို (ကသာ)

322. Shan Literature ရှမ်းစာပေ

323. Shan State Peace Task Force

324. Shee CSO သွီး CSO

325. Shingnip (Kachin Legal Aid Network Group)

326. Shining Star Interfaith and Human Right group

327. Shwe Kyin Lover ရွှေကျင်ချစ်သူများအသင်း

328. Shwe Network

329. Shwe Paing Nyin Group ရွှေပိန်းညှင်းအဖွဲ့.

330. Shwe Phee News Agency, Lashio

331. Shwe Thinkha Social Development Organization

332. Shwechinthae Farmers Network

333. Shwechinthae Social Service Group (Shwebo)

334. Sit Man Thaw Sanda Social group စစ်မှန်သောဆန္ဒ လူမှု.အဖွဲ.

335. SKY-Youth, Kyaukphyu

336. Social Care Volunteer Group (SCVG)

337. Social Development and Peace Network

338. Social Program Aid for Civic Education (SPACE)

339. Southern Youth group

340. Southern Youth Development Organization

341. Southerner News Agency

342. Students and Youth Congress of Burma

343. Swam Su Ti Rural Development Organization

344. Synergy လူမှုသဟဇာတ ဖော်ဆောင်ရေးအဖွဲ့

345. Ta"ang Women Organization (TWO) - တအာင်းအမျိုးသမီးအဖွဲ့အစည်း

346. Tanintharyi MATA

347. TANKs

348. Tar Ka Paw Youth Group တာကပေါလူငယ်အဖွဲ့

349. Taunggoke PSC တောင်ကုတ် PSC

350. Tedim Youth Fellowship

351. Tgyit Region Watch တီကျစ်ဒေသစောင့်ကြည့်ရေး

352. Than Dwe Development Association သံတွဲ ဖွံ့ဖြိုးတိုးတက်ရေး အသင်း

353. Thanbyuzayart Mon Youth

354. Thanlwin Network

355. Thanlwin Tharchin Group သံလွင်သားချင်းအဖွဲ့

356. The Nyang News

357. The Seagull: Human Rights, Peace & Development

358. The Wings Institute

359. Third Eye Organization

360. Thirst Aid (ရေသန့်ထောက်ကူ) အဖွဲ့

361. Thit Sar Yae Sin သစ္စာရေစင်

362. Thitsar Gone Network သစ္စာဂုဏ် ကွန်ရက်

363. Thuriya Sanda group သူရိယစန္ဒ အဖွဲ့

364. Tonzang Fellowship

365. Tonzang Youth Association

366. Tree Lover Group သစ်ပင်ချစ်သူများအဖွဲ့

367. Triangle Women Organization

368. Uakthon Local Social Development Organization

369. Union of Karenni State Youth

370. Upper Chindwin Youth Network

371. Uppper Myanmar Watch group (Magway) အထက်မြန်မာပြည်စောင့်ကြည့်ရေး (မကွေးမြို့နယ်)

372. Uppper Myanmar Watch group အထက်မြန်မာပြည်စောင့်ကြည့်ရေးအဖွဲ့

373. Waingmaw CSO Network

374. Wan Lark Development Foundation (WLDF)

375. Western Beach Ayeyarwaddy Enviromental Conservation Group ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့

376. White Hand Social Warfare Group (အဖြူရောင်လက်များလူမှုအကျိုးပြုအဖွဲ့)

377. Windayea Village Social Group ဝင်းဒရယ်ကျေးရွာလူမှု.ရေးအဖွဲ.

378. Women Development (Bago)

379. Women Development Group အမျိုးသမီးများဖွံ့ဖြိုးရေးအဖွဲ့

380. Women Empowerment Group အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးအဖွဲ့

381. Women Fellowship, Matupi

382. Women of Indigenous Network

383. WON (Women’s Organization Network)

384. Women League of Burma (WLB)

385. Wonthoe Youths

386. Worker Development Organization

387. World View Monitoring and helping Group လောကမြင်ကွင်းစောင့်ကြည့်ကူညီရေးအဖွဲ့

388. writer Association စာရေးဆရာအသင်း

389. Yadanar Kanni Group (YaeNanMyay) ရတနာကမ်းနီအဖွဲ့(ရေနံမြေ)

390. Yai Ywal Yar Youth Development Organization

391. Yangon MATA

392. Yangon Youth Network

393. Yatanar Youngyi Social Development Organization

394. Yaung Chi Thit Public Library Group ရောင်ခြည်သစ်လူထုစာကြည့်တိုက်အဖွဲ့

395. Yaung Ne Oo Women Group ရောင်နီဦး အမျိုးသမီးအဖွဲ့

396. Yaung Zin Arr Man Group ရောင်စဉ်အားမာန်အဖွဲ့

397. Yaung Zin Hlaing ရောင်စဉ်လှိုင်း

398. YoeMa Civil Society Group

399. Young Ni Oo Social Development Organization

400. Youth Arr Man Group လူငယ်အားမာန်အဖွဲ့

401. Youth Circle

402. Youth Initiative for Human Rights

403. Youth Network လူငယ်ကွန်ရက်

404. Zinlum Committee (Tanphaye)

405. Zomi Youth Association

406. ကယန်းအမျိုးသမီးအစည်းအရုံး

407. ကျောက်ဆည်လူငယ်ကွန်ရက်

408. ကလျာဏမိတ္တလူမှုကူညီရေးအသင်း (ရေဦး)

409. ခိုင်မြဲသစ္စာ ဖွံ့ဖြိုးရေးကော်မတီ

410. ဂီတရပ်ဝန်း

411. စာနာ - SaNaR (Save the Natural Resources)

412. စိမ်းရောင်စို (တံတာဦး)

413. တောင်သူလယ်သမားနှင့် မြေယာလုပ်သားများသမဂ္ဂ (မြိတ်)

414. တောင်သူလယ်သမားများနှင့် ရေလုပ်သားများ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးကွန်ရက်၊ မြစ်ကျိုးတိုက်နယ်၊ ပဲခူးတိုင်းဒေသကြီး။

415. တောင်သူလယ်သမားသမဂ္ဂ ကန့်ဘလူမြို့နယ်

416. ထားဝယ်ခရိုင်တောင်သူလယ်သမားသမဂ္ဂ

417. ဒို့တာဝန် နိုင်ငံ့အရေးကွန်ရက်

418. ဒို့မြေကွန်ရက် (LIOH)

419. ဒို့လယ်ယာ ကွန်ရက်၊ ဟသ်္သာတမြို့နယ်၊ ဧရာဝတီ

420. ပျော်ဘွယ်လူငယ်ကွန်ရက်

421. ပြည်ကြီးခင်အဖွဲ့

422. ပြည်သာယာဌာနေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(PTY - Group)

423. ပွင့်ဖြူလယ်ယာမြေကွန်ရက်
424. ပေါက်တိုင်းဖွံ့ဖြိုးရေးကော်မတီ ပဲခူးတိုင်းဒေသကြီး။
425. မင်းလှလူငယ်စင်တာ
426. မွန်လူငယ်ကွန်ရက် - ရေး၊ ရေးလမိုင်း၊ မွန်ပြည်နယ်။
427. မိုးသောက်ကြယ်
428. ယုံကြည်ရာ အသိပညာပြန့်ပွားရေးအသင်း
429. ရတနာကမ်းနီအဖွဲ့ (ရေနံမြေ)
430. ရပ်ရွာငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။
431. ရွက်စိမ်းနု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (သိန္နီ)
432. ရွှေခြံမြေကွန်ရက်၊ ကွမ်းခြံကုန်းမြို့နယ်၊
433. ရွှေပန်းပိုးလက်ပညာဒါန အမျိုးသမီးနှင့် ကလေးသူငယ်ကွန်ရက်
434. ရွှေမင်းသား ဖောင်ဒေးရှင်း
435. လွတ်လပ်သော အရှိုချင်းများအင်အားစု
436. လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကွန်ရက်၊ ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။
437. လူငယ်အစည်းအရုံး (ပဲခူး)
438. လူမှုဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကွန်ရက်၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။
439. လေဖြတ်သူများကူညီစောင့်ရှောက်ရေးအသင်းမြန်မာ (SAM)
440. လောကပါလတရား မြှင့်တင်ရေးကွန်ရက်
441. ဝါးစိမ်းတောင်ကာကွယ်စောင့်ကြည့်ရေးကော်မတီ (WPWC)
442. သင့်မြတ်သူများ၏ငြိမ်းချမ်းရေးလမ်းစဉ်အဖွဲ့(PoPP)
443. အထက်မြန်မာပြည်စောင့်ကြည့်ရေး (မကွေးမြို့နယ်)
444. အနာဂတ်အလင်းကော်မတီ
445. အမျိုးသမီးကိုယ်ထူကိုယ်ထအဖွဲ့
446. အလင်းသစ္စာ ကော်မတီ
447. အလုပ်သမားအဖွဲ့ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် အမျိုးသမီး အခွင့်အရေး အသိပညာပေးရေး (ပဲခူးကွန်ရက်)
448. ဥသျှစ်ပင် လူငယ်ကွန်ရက်၊ ဥသျှစ်ပင်မြို့ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
449. ဧရာဝတီလူငယ်ကွန်ရက် (Ayeyarwaddy Youth Network)
450. ဧရာဝတီ (Airavati) လူမှုရေးအဖွဲ့
451. အနာဂတ် အလင်းတန်း ဆုံမှတ်